ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၃၀)

# ဓမ္မတာဝန်


အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဓမ္မတာဝန်

တရားစာအုပ်များကို

ဓမ္မဒါနအလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

# မွေတာဝန်

သာသနာတော်နှစ် ၂၅၅၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၆-ခု နတ်တော်လပြည့်ကျော်(၇)ရက် (၁၃. ၁၂. ၂၀၁၄) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင် မွေခန်းမ အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် တက္ကသိုလ်ပတိတရေ (ရန်ကုန်) ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် သောတုဇနတွေ့ဆုံ ပွဲ အကြိုမွေသဘင်အခမ်းအနား၌ ဟောကြားအပ်သော "မွေတာဝန်"အကြောင်းတရားတော်။

မွေတာဝန်ဆိုတာ ဗုဒ္ဓမြတ်စွာ ဟောပြောဆုံးမ ခဲ့တဲ့ တရားမွေတွေ လောကအလယ်မှာ ကြာရှည် စွာ တည်ရှိဖို့အတွက် ဆောင်ရွက်ရတဲ့ တာဝန်ကို 'မွေတာဝန်'လို့ ဒီလို ဆိုလိုတယ်၊ မြတ်စွာဘုရား ကိုယ်တိုင် မွေကို မည်မျှ အလေးပြုတယ်ဆိုတာ

သုတ္တန်တွေထဲမှာ လေ့လာကြည့်မယ်ဆိုရင် သိနိုင်တယ်၊ လောကမှာပွင့်လာတဲ့ ဘုရားရှင်ကိုယ်တော်မြတ်တိုင်းဟာ ဓမ္မဂရု ဓမ္မကို အလေးပြုတယ်လို့ သုတ္တန်ပါဠိတော်မှာ ဆိုထားတဲ့ထဲ မှတ်တမ်းတင်ထားတာ ရှိတယ်။

တစ်ခါတုန်းက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဘုရားအဖြစ်သို့ ရောက်ပြီးတဲ့နောက် စဉ်းစားတယ်၊ "လောကမှာ မှီခိုအားထား လေးစားစရာ မရှိဘဲနဲ့ နေရတာ မကောင်းဘူး၊ မှီခိုအားထား လေးစားရမယ့်အရာ ရှိသင့်တယ်၊ ပုဂ္ဂလနဲ့ ဓမ္မ ဒီနှစ်ခုမယ်ငါ့အနေနဲ့ လေးစားရမယ့်ပုဂ္ဂိုလ်များ ရှိသလား"လို့ ကြည့်တယ်၊ ကိုယ့်ထက်သီလအားဖြင့် သာလွန်မြင့်မြတ်တဲ့ပုဂ္ဂိုလ်, သမာဓိအားဖြင့် သာလွန်မြင့်မြတ်တဲ့ပုဂ္ဂိုလ်, ပညာအားဖြင့် သာလွန်မြင့်မြတ်တဲ့ပုဂ္ဂိုလ် လောကလူသားတွေတွင်မက နတ်တွေ ဗြဟ္မာတွေအထိ ရှာကြံကြည့်သော်လည်း မြတ်စွာဘုရားထက် သီလ သမာဓိ ပညာဆိုတဲ့အရာတွေမှာ သာလွန်တဲ့

ပုဂ္ဂိုလ် မဆိုထားနဲ့ တန်းတူညီမျှအဆင့်ထိအောင် ရောက်ရှိနိုင်တဲ့ ပုဂ္ဂိုလ်တောင် ရှာမတွေ့ခဲ့ဘူး၊ လေးစားရတဲ့ပုဂ္ဂိုလ်ဆိုတာ မြတ်ဗုဒ္ဓအနေနဲ့ မရှိဘူး၊ ဒါကြောင့် "ငါသိတဲ့တရားဟာ ငါ့အနေနဲ့ လေးစားရမယ့်အရာဖြစ်တယ်"လို့ဆိုပြီး မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဓမ္မကို အလေးပြုပြီး နေထိုင်ခဲ့တာ ဖြစ်တယ်၊ ဘုရားအဆူဆူက ဓမ္မကို အလေးထားကြတယ်ဆိုတာ အလွန်ထင်ရှားတယ်။

ဘုရားကိုယ်တိုင် အလေးထားပြီးတော့ လေးစားရတဲ့ဓမ္မက ဘယ်လိုဓမ္မမျိုးတုန်းလို့ ကြည့်မယ်ဆိုရင် မြတ်စွာဘုရားကိုယ်တိုင် ကျင့်ကြံကြိုးစားအားထုတ်ခဲ့လို့ အောင်မြင်ပေါက်ရောက်လာတဲ့ဓမ္မ ဖြစ်တယ်၊ အဲဒီဓမ္မကို ရခြင်းရဲ့အကြောင်း ဗောဓိပက္ခိယတရား ၃၇-ပါးဆိုတဲ့ ဒီဓမ္မတွေဟာ အလေးထားရတဲ့ ဓမ္မတွေ ဖြစ်တယ်။

အဲဒီဓမ္မတွေကို အလေးထားပြီးတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ဟာ ၄၅-ဝါ ကာလ

ပတ်လုံး လောကရဲ့အကျိုးကို ဆောင်ရွက်တော်မူခဲ့တာဖြစ်တယ်၊ ဓမ္မအလေးပြုမှုဟာ သက်တော်-၈၀ အရွယ်ရောက်လို့ နောက်ဆုံးမှာကြားစရာရှိတဲ့စကားတွေကို မှာကြားတဲ့နေရာမှာ "ဓမ္မဝိနယဟာ သင်တို့ဆရာပဲ"လို့ မိန့်ကြားခဲ့တယ်၊ ဘုရားဟောထားတဲ့အဆုံးအမဓမ္မတွေဟာ ဟောကြားတဲ့ဆရာ မရှိတော့ဘူးဆိုလို့ရှိရင် လေးစားဖွယ် မဖြစ်တတ်ဘူး၊ တစ်ချို့အယူဝါဒတွေဆိုရင် ချမှတ်ထားတဲ့ပုဂ္ဂိုလ် မရှိတဲ့နောက်မှာ ထိုပုဂ္ဂိုလ်ရဲ့ပေါ်လစီအယူဝါဒတွေဆိုတာ ပျောက်ကွယ်သွားတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် အလေးထားပြီး ဟောကြားခဲ့တဲ့ ပါဝစနဆိုတဲ့ မြင့်မြတ်တဲ့အဆုံးအမတရားတော်တွေကို ရဟန်းသံဃာတွေရဲ့စိတ်ထဲမှာ **အတီတသတ္ထုက** ဟောပြောတဲ့ဆရာ မရှိတော့ဘူး၊ မရှိတော့သည့်အတွက်ကြောင့် အသုံးမဝင်တော့ဘူးလို့ ယူဆနိုင်လာဖွယ် ရှိတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က "**ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ**"၊ "ငါ ဟောခဲ့တဲ့ဓမ္မတွေ, ငါ ပညတ်ခဲ့တဲ့ဝိနယတွေဟာ ငါမရှိတဲ့နောက်မှာ သင်တို့ကို ဆုံးမဩဝါဒပေးမယ့် ဆရာဖြစ်လိမ့်မယ်"၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က အတိအလင်း ဓမ္မကို အလေးဂရုပြုပြီးတော့ နေကြဖို့ဆိုတာ မှာကြားခဲ့တာ ဖြစ်တယ်။

ဒီနေရာမှာ အလွန့်ကိုထူးခြားတဲ့ ဗုဒ္ဓသာသနာရဲ့ကျင့်သုံးလိုက်နာမှုကို တွေ့ရမှာ ဖြစ်တယ်၊ ကမ္ဘာမှာ ကြည့်မယ်ဆိုရင် ဘယ်နေရာမှ ဒါမျိုး ရှိမှာမဟုတ်ဘူး။ ဗုဒ္ဓမြတ်စွာရဲ့ ဘာသာတရားအဖွဲ့အစည်းကြီးတစ်ခုဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ခေါင်းဆောင်တင်မြှောက်ခဲ့ခြင်း မရှိဘူး။ တခြားသာသနာမှာ ရာထူးဆက်ခံတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ အဖွဲ့အစည်းတွေမှာလည်း ရာထူးဆက်ခံတဲ့ပုဂ္ဂိုလ်ဆိုတာ ရှိတယ်၊ မြတ်စွာ

ဘုရားတည်ထောင်ခဲ့တဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်မှာ ရာထူးဆက်ခံတဲ့ပုဂ္ဂိုလ်ဆိုတာ မရှိဘူး၊ မြတ်စွာဘုရားမရှိတော့တဲ့နောက် မြတ်စွာဘုရားကိုယ်တိုင်ဟောကြားဆုံးမထားတဲ့ တရားတွေကသာ မြတ်စွာဘုရားရဲ့ရာထူးကို ဆက်ခံတဲ့ အနေအထားတွေရောက်ရှိနေတယ်၊ အင်မတန်မှထူးခြားတဲ့ အသွင်သဏ္ဍာန်ပဲ ဖြစ်တယ်၊ ရှုမြင်ရတဲ့ အနေအထားကအင်မတန်မှ လေးစားရတဲ့အနေအထားမျိုး ဖြစ်တယ်။

မြတ်စွာဘုရားကိုယ်တိုင်ကိုက ဓမ္မနဲ့ ပတ်သက်လာတဲ့အခါမှာ သွာက္ခာတော ဓမ္မော မှန်မှန်ကန်ကန်ဟောပြောထားတာ ဖြစ်သောကြောင့် ဓမ္မနဲ့ပတ်သက်ပြီး အကြောင်းအကျိုး မဆီလျော်တာတို့မမှန်ကန်တာတို့ဆိုတာ တစ်ခုမှ မရှိဘူး၊ လုံးဝမှန်ကန်တယ်၊ ဟောထားတဲ့အတိုင်းပဲ ဓမ္မကို လိုက်နာကျင့်သုံးရင် တကယ်ပဲ အကျိုးရတယ်၊ ရှောင်ရမှာကို မရှောင်ဘူးဆိုရင်လည်း ဒုက္ခကို ဖြစ်ပေါ်စေ

တယ်၊ အဲဒီလို မှန်ကန် တိကျသေချာလှတဲ့ အဆုံး အမတရားတွေကို ပြည့်ပြည့်ဝဝ ဘုရားဟောထား တာ ဖြစ်တယ်၊ အတွင်းအပြင် ခွဲခြားမှု မရှိဘဲ လုံးဝ ပြည့်စုံတဲ့ တရားမေ့တွေကို ကုန်စင်အောင် ဟော ထားတယ်။

တခြားဘာသာဝါဒတွေ တည်ထောင်တဲ့ ပုဂ္ဂိုလ် တွေဆိုလို့ရှိရင် မိမိတို့ဟောပြောတဲ့ တရားမေ့နဲ့ ပတ်သက်တဲ့အခါ လျှို့ဝှက်ချက်ကလေးတွေ ရှိတယ်၊ မြတ်စွာဘုရားက ပွင့်ပွင့်လင်းလင်း မိန့်ကြားတယ်၊ **"န မေ အာစရိယမုဋ္ဌိ အတ္ထိ ဓမ္မေသု"** "ငါ့မှာ မေ့နဲ့ပတ်သက်လာလို့ရှိရင် **အာစရိယမုဋ္ဌိ** ဆရာက လက်ထဲမှာ ဆုပ်ပြီးတော့ ချန်ထားတဲ့ လက်ဆုပ်ထဲ လျှို့ဝှက်ထားတဲ့မေ့ ငါ့မှာ မရှိဘူး၊ အားလုံး ပွင့်ပွင့် လင်းလင်း မချန်မချွင်းဟောတာ ဖြစ်တယ်၊ လက်ဝါး ဖြန့်ပြီးတော့ တရားမေ့မှန်သမျှ ပြည့်ပြည့်ဝဝ ငါ ဟောထားတာ ဖြစ်တယ်"ဆိုတာကို ရှင်အာနန္ဒ

မထေရ်မြတ်ကို အတိအလင်း မိန့်ကြားခဲ့တာ ဖြစ်တယ်။

ဒါတောင်မှပဲ ဒီကနေ့ ဘာသာဂိုဏ်းကွဲဖြစ်တဲ့ မဟာယာနဂိုဏ်းမှာ အယူအဆတစ်ခု ရှိတယ်၊ မြတ်စွာဘုရားဟောကြားတဲ့တရားကို နှစ်မျိုးခွဲတယ်၊ အဲဒီနှစ်မျိုးထဲမှာ အများကို ဟောတဲ့တရားက တစ်မျိုး၊ လက်ရွေးစင်တပည့်တွေကို ဟောတဲ့တရားက တစ်မျိုးဆိုပြီးတော့ နှစ်မျိုးခွဲခြားပြီးတော့ ယူဆတာ တွေ့ရတယ်၊ ဒါက တခြား ခရစ်ယာန်ဘာသာမှာ လက်ရွေးစင်တပည့်တွေကို ဟောကြားတယ်ဆိုတဲ့အရာနဲ့ ဆင်ဆင်တူနေတယ်၊ အဲဒီတော့ မဟာယာနဂိုဏ်းက အသုံးပြုတဲ့ထဲမယ် စကားလုံးနှစ်မျိုး ရှိတယ်၊ assoteric ဆိုတဲ့ စကားလုံးနဲ့ exoteric ဆိုတဲ့စကာလုံး နှစ်လုံးရှိတယ်၊ အင်္ဂလိပ်လိုတစ်ခုက assoteric ဆိုတာ လူတကာတွေကို တပည့်အားလုံးကို ဟောတာ မဟုတ်ဘူး၊ သာမန်ပုဂ္ဂိုလ်တွေအများစုကို ဟောတဲ့တရားက တစ်မျိုး၊

လက်ရွေးစင်တပည့်တွေကို ဟောတာက တစ်မျိုး ဆိုပြီးတော့ နှစ်မျိုးခွဲထားတာ။

ခွဲထားပြီးတော့ သူတို့က ဘာပြောချင်တုန်းဆို လို့ရှိရင် မဟာယာနကလွဲလို့ရှိရင် ကျန်တာတွေကို ဟီနယာနတွေဆိုတဲ့အသုံးနဲ့ သုံးတယ်။

အဲဒီမှာ ဟီနယာနလို့ဆိုတဲ့ နိမ့်ကျတဲ့ယာဉ်ကို စီးပြီးတော့ နိမ့်ကျတဲ့လမ်းစဉ်နဲ့ နိဗ္ဗာန်ကိုဝင်မယ့် ပုဂ္ဂိုလ်တွေအတွက်ဆိုတဲ့ ဟောပြောတဲ့တရားက တစ်ဆင့်နိမ့်တဲ့တရားဓမ္မမျိုး ဖြစ်တယ်၊ မဟာယာန ဆိုတဲ့ အဆင့်မြင့်တဲ့ လမ်းကြောင်းကနေ တရား ကျင့်ပြီး နိဗ္ဗာန်ဝင်မယ့်ပုဂ္ဂိုလ်တွေကျတော့ exoteric လို့ ခေါ်တယ်၊ တကယ့် special တရားတွေ ကို ဟောတယ်၊ ဒီအယူအဆတစ်ခုဟာ ဗုဒ္ဓဘာသာ တွေမှာ ဝင်ရောက်လာတယ်။

တကယ်ကတော့ မြတ်စွာဘုရားသခင်ကိုယ် တော်မြတ် ရှင်အာနန္ဒမထေရ်မြတ်ကို ရှင်းရှင်းကြီး မိန့်ကြားထားခဲ့တဲ့စကားအရ သူတို့ရဲ့အယူအဆမှာ

မှန်ကန်မှုမရှိဘူး။ မြတ်စွာဘုရားဟာ ခမ္မနဲ့ပတ်သက်လာလို့ရှိရင် "**န မေ အာစရိယမုဋ္ဌိ အတ္ထိ ဓမ္မေသု**" special တပည့်တွေ ထူးခြားတဲ့တပည့်တွေကိုသာ ဟောမယ်ဆိုတဲ့တရားမျိုး လက်ထဲမှာဆုပ်ပြီးတော့ ဖွက်ထားတဲ့တရားမျိုး ဒို့မှာ လုံးဝမရှိဘူး၊ အတွင်း အပြင် အခြွင်းအချန် မရှိ၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွေမှန်သမျှ လုံလောက်ပြည့်စုံအောင် ဟောကြားထားပြီးသား ဖြစ်လို့ assoteric နဲ့ exoteric ဆိုတဲ့အယူဝါဒက သူတို့ရဲ့အယူအဆမျှသာ ဖြစ်တယ်။

သူတို့ ဆိုချင်တာက ဟီနယာနဂိုဏ်းသားတွေ သင်တဲ့တရားဟာ မြတ်စွာဘုရားက အများကို ဟောတဲ့တရားတွေသာ ဖြစ်တယ်၊ မဟာယာနတွေ ဟောတဲ့တရားက တကယ့် special တရား ဖြစ်တယ်လို့ ဒီလိုယူဆတယ်၊ ဒါကတော့ သက်သက်မဲ့ အပေါ်စီးရအောင် ပြောတဲ့စကားမျိုးသာ ဖြစ်တယ်။

မြန်မာနိုင်ငံမှာ ထွန်းကားနေတဲ့ ဗုဒ္ဓသာသနာကို ဟီနယာနလို့ မှားပြီးတော့ ခေါ်ခဲ့တယ်၊ တကယ်တော့ မြန်မာနိုင်ငံမှာ ထွန်းကားတဲ့ တောင်ပိုင်းဗုဒ္ဓဘာသာဆိုတာ authentic teaching မြတ်စွာဘုရားရဲ့မူရင်းအတိုင်း လက်ခံတဲ့ orthodox ဆိုတဲ့ တရားဓမ္မသာ ဖြစ်တယ်၊ မြတ်စွာဘုရားတရားတော်တွေကို လုံးဝပြုပြင်ဆင်ပြုပြင်ပြောင်းလဲခြင်း မရှိဘဲနဲ့ အရှိကို အရှိအတိုင်း လက်ခံပြီးတော့ ဟောကြားတဲ့ဒေသနာတွေမျှသာဖြစ်တယ်၊ ကမ္ဘာမှာ ဗုဒ္ဓတရားတော်တွေကို လေ့လာကြတဲ့ပုဂ္ဂိုလ်တိုင်း ဒီအချက်ကို လက်ခံထားကြတယ်၊ ဘယ်သူမှ မငြင်းနိုင်ဘူး၊ စာပေကို လေ့လာတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းက authentic Buddha's teaching ဆိုတာ အားလုံးက လက်ခံကြတယ်။

ထေရဝါဒဆိုတာက ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူတဲ့အခါ မြတ်စွာဘုရားရဲ့ သာရီရိကပူဇာ အခမ်းအနားကို တက်ရောက်လာကြတဲ့ (၇)သိန်း

အတိုင်းအတာရှိတဲ့ သံဃာတော်တွေထဲမှာ အကြီးအကဲဖြစ်တဲ့ ရှင်မဟာကဿပ ဦးဆောင်ပြီး မူဝါဒတစ်ခုကို ချမှတ်ပြီးတော့ ပြောဆိုခဲ့ရာကစပြီး ထေရ-ဝါဒဆိုတာ ပေါ်လာတာ ဖြစ်တယ်၊ သူတို့ချမှတ်တဲ့ မူဝါဒကလည်း အလွန်ရှင်းလင်းပြတ်သားတယ်။

**"အပညတ္တံ န ပညပေတဗ္ဗံ"** မြတ်စွာဘုရား မပညတ်ခဲ့တဲ့အရာ မြတ်စွာဘုရား မဟောတဲ့အရာကို အသစ်ထပ်ပြီးတော့ မလုပ်ရဘူး၊ **"ပညတ္တံ န သမုစ္ဆိန္ဒိတဗ္ဗံ"** မြတ်စွာဘုရားဟောပြီး ပညတ်တရားများကို မပယ်ဖျက်ရဘူး၊ **"ယထာ ပညတ္တေသု သိက္ခာပဒေသု သိက္ခိတဗ္ဗံ"** အရှိအတိုင်း လိုက်နာကျင့်သုံးရမယ်ဆိုတဲ့ မူဝါဒသုံးချက်နဲ့အညီ ဆောင်ရွက်ခဲ့တာ ဖြစ်တယ်၊ အင်မတန် တိကျသေချာတဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေ၊ ရှင်မဟာကဿပအမှူးရှိတဲ့ ထေရလို့ဆိုတဲ့ သံဃာ့ခေါင်းဆောင်ကြီးတွေက သတ်မှတ်တာ ဖြစ်သောကြောင့် ထေရဝါဒဆိုတဲ့ အမည်နာမနဲ့ ခေါ်ဆိုလာကြတာ ဖြစ်တယ်။

တကယ်တော့ စကားတစ်ခုမှာ တွဲဖက်အနေနဲ့ ပြောမယ်ဆိုရင် မဟာယာနတွေသုံးတဲ့ စကားလုံးနဲ့ တွဲဖက်ရတဲ့ စကားလုံးက **စူဠယာန** ဖြစ်တယ်၊ မှား ယွင်းပြီးတော့ သုံးစွဲနေတာ ဖြစ်တယ်၊ **မဟာ**နဲ့ တွဲ ရမှာက **စူဠ**သာ ဖြစ်ပြီး **ဟီန**နဲ့ တွဲရမှာက **ပဏီတ** သာ ဖြစ်တယ်၊ မှန်မှန်ကန်ကန် ပြောဆိုကြမယ် ဆိုရင် မဟာယာနနဲ့ စူဠယာန (သို့မဟုတ်) ပဏီတ ယာနနဲ့ ဟီနယာနလို့ ဒီလိုသုံးမှ မှန်ကန်တဲ့အဓိပ္ပာယ် ရှိတယ်၊ မဟာယာနနဲ့ ဟီနယာနက အတွဲမလိုက် တဲ့စကားမျိုးသာ ဖြစ်တယ်။

ဒီတော့ ဗုဒ္ဓဘာသာထဲမှာ မှားမှားယွင်းယွင်း ကျင့်သုံးလိုက်နာနေကြတဲ့ အယူအဆတွေဟာ သာသနာတော် နှစ်ပေါင်းကြာရှည်လာတဲ့အခါ ပုဂ္ဂိုလ် တွေရဲ့ယိမ်းယိုင်မှုသာ ဖြစ်တယ်၊ သို့သော် မြတ်စွာ ဘုရားရဲ့ အဆုံးအမတွေကို တိကျသေချာစွာ သင်္ဂါ- ယနာခြောက်တန် တင်ပြီး အတည်ပြုထားတာ ဖြစ် တယ်၊ ဒီဓမ္မတွေထဲမှာ ရောယှက်လာတဲ့ အတွေး

အခေါ်တွေဟာ မရှိသလောက် ဖြစ်တယ်၊ အလွန်သန့်စင်တယ်လို့ ပြောရမယ်။

တချို့က ပြောလေ့ရှိကြတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓသာသနာကလည်းပဲ မသန့်စင်ဘူးလို့ ဒီလိုပြောတယ်၊ မြတ်စွာဘုရားရဲ့ အဆုံးအမတွေဟာ မသန့်စင်ဘူး၊ ထေရဝါဒမပီပြင်ဘူးလို့ တချို့သမိုင်းဆရာတွေက ဒီလိုဆိုချင်ကြတယ်၊ ဘာကြည့် ပြောတာလဲဆိုရင် ရွှေတိဂုံဘုရားပေါ်မှာရှိတဲ့ နတ်ရုပ်တွေ ဓာတ်ခန်းတွေတို့ ဘိုးတော်တွေတို့ဆိုတာတွေကို ကြည့်ပြီးတော့ ထေရဝါဒမှာလည်းပဲ အယူအဆတွေ ရောနေတယ်လို့ ဒီလိုသတ်မှတ်ပြီး ပြောဆိုတယ်။

ဒါဟာ သေသေချာချာစဉ်းစားမကြည့်လို့ ပြောမိတာသာ ဖြစ်တယ်၊ ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေအနေနဲ့ ရောတာက သဘာဝပဲ၊ ဓမ္မအနေနဲ့ အဲဒီလိုရောထွေးနေတာတော့ လုံးဝမရှိဘူး၊ ထေရဝါဒစစ်စစ်လုံးဝသန့်ရှင်းစင်ကြယ်တယ်၊ ထေရဝါဒကို ကိုးကွယ်

တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကတော့ ရောကောင်း ရော လိမ့်မယ်၊ ဒါက ဓမ္မမှာ ရောတာ မဟုတ်ဘူး။ ပုဂ္ဂိုလ်က ရောတာ၊ ပုဂ္ဂိုလ်ဆိုတာ tradition ကို စွန့်ခဲတယ်။

မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာမရောက်ခင်က နတ်ကိုးကွယ်တဲ့ဝါဒမျိုး လက်ခံပြီး နေခဲ့တဲ့ အစဉ်အလာကနေ ဗုဒ္ဓသာသနာတော်ရောက်လာတဲ့အခါမှာ မြတ်စွာဘုရားရဲ့အဆုံးအမတွေ ရင်ထဲနှလုံးထဲရောက်လာလို့ အမှန်သိလာပြီး ဗုဒ္ဓသာသနာတော်ကို မြတ်မြတ်နိုးနိုးနဲ့ ကိုးကွယ်လာခဲ့ကြတယ်၊ အဲဒီကိုးကွယ်လာတဲ့ပုဂ္ဂိုလ်တွေမှာ အချို့က ရှေးရိုးစွဲအတွေးတွေ ခေါင်းထဲမှာ မပျောက်သေးသည့်အတွက်ကြောင့် မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေအပြင် တခြားဟာတွေကို မှန်ကန်တယ်ထင်ပြီး လက်ခံနေကြတယ်၊ အယူစွဲတွေ ရှိနေတတ်တာကတော့ ဒါလောကရဲ့သဘာဝပဲ။

သို့သော် မြန်မာနိုင်ငံရောက်လာတဲ့ ပိဋကသုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀

ဆိုတာ ဒီထဲမှာ မည်သည့်ဝါဒမှ ရောနှောနေတာ မရှိဘူး၊ ဒါတောင်မှ တချို့က ပိဋကထဲမှာ ဟိန္ဒူဝါဒတွေ ရောနေတယ်လို့ ရေးတယ်၊ ဘယ်မှာ ရောတာတုန်းလို့ မေးတော့ သူတို့ထောက်ပြတဲ့အရာတွေက လုံးဝရယ်စရာတွေမျှသာ ဖြစ်တယ်။

ဆိုပါစို့ - ရယ်စရာတစ်ခုက ဘာလဲဆိုတာ သူတို့ပြောမယ်ဆိုရင် ဗုဒ္ဓဝါဒထဲမှာ မိစ္ဆာဝါဒတွေ ရောနေတယ်ဆိုတာက ဒိဋ္ဌိသံယုတ်တို့၊ ဗြဟ္မဇာလသုတ်တို့၊ ဒါက ဒိဋ္ဌိအကြောင်းတွေကို ဟောပြောတဲ့ဟာသာ ဖြစ်တယ်၊ အဲဒါတွေ ပါရှိလို့ ရောတယ်လို့ ပြောနေတာကတော့ ရယ်စရာသက်သက်ပဲလို့ ပြောရမယ်၊ မမှန်တာကို မမှန်ဘူးလို့ တင်ပြခြင်းအားဖြင့် ဒီတရားဟာ မမှန်မကန်ဖြစ်သွားတာ မဟုတ်ဘူး၊ မှန်ကန်မှုကို အလေးထားပြီး အမှားကိုလည်း အမှားလို့ မြင်တတ် ရှင်းပြတတ်တာသာ ဖြစ်တယ်။

**နန္ဒက**ပေတဝတ္ထုဆိုတာကို ထောက်ထားပြီး တော့လည်း ၃၁-ဘုံကို ဗုဒ္ဓလက်မခံဘူးဆိုပြီးတော့ မြန်မာနိုင်ငံမှာထုတ်တဲ့ စာအုပ်တစ်အုပ်မှာ ရေး တယ်၊ မမှန်ကန်တဲ့သာဓကတွေ ကိုးကားတယ်၊ တကယ်ကျမ်းဂန်ကို လေ့လာကြည့်မယ်ဆိုရင် **နန္ဒက** ဆိုတဲ့ပြိတ္တာကြီးဟာ သူကိုယ်တိုင်မှားယွင်းတဲ့ အယူ အဆတွေကို ယူခဲ့သည့်အတွက်ကြောင့် ဒီလို မှား ယွင်းတဲ့ဝါဒ လက်ခံ ကျင့်သုံးသည့်အတွက်ကြောင့် ပြိတ္တာဘဝ ရောက်ရပါတယ်လို့ ပြောတာ၊ အဲဒါ စာပေထဲ မှတ်တမ်းတင်ထားတာကို ကြည့်ပြီး ဗုဒ္ဓ ဝါဒထဲမှာ ဟိန္ဒူဝါဒတွေ ရောနေတယ်လို့ ဆိုတာ က အလွန်ရယ်စရာကောင်းတဲ့အရာတစ်ခုသာ ဖြစ် တယ်။

အဲဒီတော့ မြတ်စွာဘုရားရဲ့အဆုံးအမတွေက သင်္ဂါယနာခြောက်တန်တင်ပြီးတော့ သန့်စင်ထား သည့်အတွက်ကြောင့် အလွန်ရှင်းလင်း တိကျတယ်၊ မှားယွင်းချွတ်ချော်မှုဟာ မရှိသလောက်ပဲ၊ သို့သော်

နှစ်ကာလရှည်လျားသည့်အတွက်ကြောင့် စကားလုံးတချို့ ယိုယွင်းသွားတာတော့ မရှိဘူးလို့ မပြောလိုဘူး၊ ရှိနိုင်တယ်။

ရံဖန်ရံခါ တစ်ချို့နိုင်ငံခြားသားတွေက ဆိုပါစို့ - မြင့်မိုရ်တောင်အကြောင်း ရေးထားတဲ့စာတွေကို ကြည့်ပြီးတော့ မြင့်မိုရ်တောင် ဘယ်မှာလဲဆိုတာမျိုးတွေ မေးလာတတ်ကြတယ်၊ မြင့်မိုရ်တောင် ဘယ်မှာလဲလို့ မေးလာရင် ဗုဒ္ဓသာသနာတော်မှာ မြင့်မိုရ်တောင်ဟာ အဓိကမဟုတ်ဘူး၊ ဒါတွေက ရှေးခေတ်ကရှိတဲ့ အနေအထားတွေ၊ မြတ်စွာဘုရားက လောကမှာ သတ်မှတ်ထားတဲ့တောင်တစ်ခုကို ဟောကြားခြင်းသာ ဖြစ်တယ်။

ဆိုပါစို့- သုတ္တနိပါတ်ပါဠိတော် နာလကသုတ်အဖွင့်ကို ကြည့်မယ်ဆိုရင် လူ့ပြည်ဟာ မြင့်မိုရ်တောင်ခါးပန်းမှာ ရှိတယ်လို့ ရေးထားတယ်၊ တာဝတိံသာနတ်ပြည်က မြင့်မိုရ်တောင်ထိပ်မှာ ရှိတယ်၊ အသူရာနတ်ဘုံက မြင့်မိုရ်တောင်အောက်ခြေမှာ ရှိ

တယ်ဆိုတဲ့စကားကို ကြည့်လိုက်ရင် လူ့ပြည်ဟာ မြင့်မိုရ်တောင်ခါးပန်းမှာ ရှိနေတယ်၊ ဒါ ကြည့်လိုက်တာနဲ့ မြင့်မိုရ်တောင် ရှာနေစရာ လိုသေးလား၊ လူ့ဘုံနဲ့ ဆက်စပ်နေပြီး အင်မတန်ကြီးမားတဲ့ကမ္ဘာဂြိုဟ်ကြီးတစ်ခုရဲ့အမြင့်ဆုံးနေရာဟာ မြင့်မိုရ်တောင်လို့ ယူဆရင် ယူဆနိုင်စရာ ရှိတယ်၊ သာမန်ပကတိမြင်ရတဲ့တောင်မျိုးလို လိုက်ရှာနေလို့ကတော့ ဘယ်လိုနည်းနဲ့မှ တွေ့မှာမဟုတ်ဘူး၊ ဒီပြဿနာက အရေးကြီးတာ မဟုတ်ဘူး၊ မြတ်စွာဘုရားရဲ့အဆုံးအမထဲမှာ သစ္စာလေးပါးတို့ မဂ္ဂင်ရှစ်ပါးတို့ ဆိုတာတွေကသာ အလွန်အရေးပါတဲ့တရားတွေ ဖြစ်တယ်၊ ဒါတွေနဲ့ ပတ်သက်ပြီး စောဒကတက်နိုင်တာ ဘယ်သူမှ မရှိဘူး။

လောက လူသားတွေ အကျိုးပြုဖို့အတွက် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က မဂ္ဂင်ရှစ်ပါးဆိုတဲ့အနှစ်သာရရှိတဲ့တရားကို ဟောကြားဆုံးမထားလို့ မဂ္ဂင်ရှစ်ပါးဆိုတဲ့ ဒီမေ့ဟာ လောကသားတွေ

အတွက် ကနေ့လိုက်ရှာရင် ကနေ့အကျိုး ရှိတယ်၊ လောကကို အကျိုးပြုနေလို့ မှန်ကန်တဲ့အလင်းရောင် တစ်ခုကို မြတ်စွာဘုရားရဲ့ဓမ္မတွေက ပေးအပ်နေခြင်း ဖြစ်တယ်၊ ရတာ မရတာက မြတ်စွာဘုရားတရားနဲ့ မဆိုင်ဘူး၊ လုပ်သူပုဂ္ဂိုလ်တွေနဲ့သာ ဆိုင်တယ်၊ ဒါကြောင့်မို့ ဘုန်းကြီးတို့တတွေ ဓမ္မတာဝန်ကို ထမ်းဆောင်ကြတဲ့အခါမှာ မြတ်စွာဘုရားရဲ့တရားဓမ္မကို အတိမ်းအစောင်း မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ဟာ ရဟန်းသံဃာတွေ အလေးပေးရမယ့် တာဝန်တစ်ရပ် ဖြစ်တယ်။

ဘယ်ဘာသာ ဘယ်ဝါဒမှာပဲ ကြည့်ကြည့် မြတ်စွာဘုရားရဲ့အဆုံးအမတရားတွေလောက် တရားထုထည်ကြီးမားတဲ့အရာဆိုတာ မရှိဘူး၊ မြတ်စွာဘုရားဟောပြောထားတဲ့တရားတွေဟာ ပိဋကသုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ထိ မြန်မာနိုင်ငံမှာ အပြည့်အစုံပုံနှိပ်ပြီးတော့ စာအုပ်စာတမ်းအနေနဲ့လည်း ရှိတယ်၊ သင်ကြားပို့ချနေမှု

လည်း ရှိတယ်၊ မြန်မာနိုင်ငံမှာ မသင်လို့ မသိတဲ့ ကျမ်းမျိုး အဓိပ္ပာယ်မဖော်နိုင်တဲ့ကျမ်းမျိုးဆိုတာ လည်း မရှိဘူး၊ ဒါကြောင့်မို့ မြန်မာနိုင်ငံရဲ့ဓမ္မ တာဝန်ဟာ ကျေပွန်တယ်လို့ ဒီလိုပြောရမယ်။

အဲဒီဓမ္မတာဝန်ကို ဘယ်သူတွေ ထမ်းဆောင် နေကြသလဲလို့ဆိုရင် သံဃာတော်တွေ ထမ်းဆောင် နေကြတယ်၊ အဲဒီထမ်းဆောင်နေတဲ့ပုဂ္ဂိုလ်တွေအပေါ် မှာ ဓမ္မဟာ တည်ရှိနေတာ ဖြစ်တယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က "**ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ**" "ငါ ဟောခဲ့တဲ့ ပညတ်ခဲ့တဲ့ ဓမ္မဝိနယဟာ သင်တို့ဆရာပဲ"လို့ ဆိုတော့ ဆရာရဲ့နေရာမှာ (သို့မဟုတ်) မြတ်စွာဘုရားရဲ့အရာကို ဆက်ခံတာ ဟာ ဓမ္မသာ ဖြစ်တယ်။

ဒါတင်မကဘူး၊ မြတ်စွာဘုရားက သက်တော် ထင်ရှားရှိတုန်းကလည်း ဟောပြောခဲ့တာ ရှိတယ်၊

"ယော ဓမ္မံ ပဿတိ သော မံ ပဿတိ" ဓမ္မကို မြင်မှ ငါ့ကို မြင်မယ်ဆိုတာ အလွန်ကို အဓိပ္ပာယ်ရှိတဲ့စကားတစ်ခု ဖြစ်တယ်၊ ဓမ္မကို သိခြင်းအားဖြင့်သာလျှင် မြတ်စွာဘုရားရဲ့အရည်အချင်းကို သိနိုင်မှာ ဖြစ်တယ်၊ ဒါကြောင့်မို့ ဓမ္မသိဖို့ရာ အလွန်အရေးကြီးတယ်၊ ဒီဓမ္မတွေ မပျောက်ကွယ်သမျှကာလပတ်လုံး လောကသားတွေမှာ အလင်းရောင်မပျောက်ကွယ်ဘူး၊ ကောင်းကျိုးချမ်းသာတွေ ပေးစွမ်းနိုင်တဲ့ မြတ်ဗုဒ္ဓရှိပြီး လောကအကျိုးကို ဆောင်ရွက်နေဦးမှာသာ ဖြစ်တယ်။

ဒါကြောင့်မို့ ရဟန်းသံဃာတော် မြန်မာနိုင်ငံမှာ ရှိနေခြင်း၊ ဓမ္မတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေခြင်းတို့ကြောင့် မြန်မာနိုင်ငံရဲ့ ပရိယတ္တိအရည်အသွေးဟာ တခြားနိုင်ငံတွေနဲ့ ယှဉ်လိုက်လို့ရှိရင် အဆင့်မြင့်တဲ့နေရာမှာ ိုနေတယ်ဆိုတာဘယ်သူမှ ငြင်းပယ်လို့ မရပါဘူး၊ သုတ် ဝိနည်းအဘိဓမ္မာလို့ဆိုတဲ့ မြတ်စွာဘုရားဟောကြားတော်

မှုခဲ့တဲ့ တရားဓမ္မတွေ ပြည့်ပြည့်ဝဝ မြန်မာနိုင်ငံမှာ သင်ကြားပို့ချပြီး နေကြတယ်၊ ဓမ္မတာဝန် ကျေပွန်အောင် ထမ်းဆောင်တဲ့ ရဟန်းသံဃာတော် မရှိတော့ဘူးဆိုရင် ဒီဓမ္မတွေလည်း ပျောက်ကွယ်သွားမှာဖြစ်တယ်။

ဒါတောင်မှပဲ အယူအဆတစ်ခု ပေါ်ထွန်းလာတာရှိတယ်၊ ပေါ်ထွန်းလာတာ ဘာလဲဆိုရင် လူတွေ တရားဓမ္မကို သင်ယူပြီးတဲ့နောက် တရားဓမ္မကို သိနေတယ်ဆိုရင် ရဟန်းသံဃာတွေ မလိုအပ်ဘူးဆိုတဲ့အယူအဆတစ်ခု ဒီကနေ့မှာ တိုးတိုး တိုးတိုးနဲ့ ကြားလာနေတယ်။

ဒီတော့ ရဟန်းသံဃာတွေရဲ့ စွမ်းဆောင်နိုင်မှုနဲ့ လူပုဂ္ဂိုလ်တွေရဲ့ စွမ်းဆောင်နိုင်မှုဆိုတာ အလွန်ကွာခြားတယ်၊ မုနိသုတ္တန်မှာ ထင်ထင်ရှားရှား မြတ်စွာဘုရားဟောကြားထားတာ ရှိတယ်၊ စွမ်းအားချင်း မတူကြဘူး၊ ရဟန်းသံဃာတွေရဲ့ စွမ်းဆောင်နိုင်မှုဟာ လူပုဂ္ဂိုလ်တွေရဲ့ စွမ်းဆောင်နိုင်မှုနဲ့ မတူ

ဘူး၊ ဒါကြောင့်မို့ ရဟန်းသံဃာတွေ ရှိနေခြင်းအား ဖြင့် မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေဟာ လောက အလယ်မှာ အထင်အရှား တည်ရှိနေမှာ ဖြစ်တယ်။

သံဃာတော်တွေရှိနေလို့ ပြန့်ပွားနေလို့ ဗုဒ္ဓ ဓမ္မထွန်းကားနေတယ်ဆိုတာ ထင်ရှားတဲ့ကိစ္စတစ်ခု ဖြစ်တယ်၊ ဘာကြောင့်လဲ၊ ဋီကာကျမ်းတွေမှာ ဖော် ပြထားတဲ့စကားတစ်ခုက **"ဘဂဝတော အပရ-ဘာဂေ ဗုဒ္ဓဓမ္မရတနာနံ သမာဇိဂမော သံဃ-ရတနာ ဇီနော"**ဆိုတဲ့စကားဟာ အင်မတန်မှ ထင် ရှားတဲ့ သာဓကတစ်ခု ဖြစ်တယ်၊ မြတ်စွာဘုရားမရှိ တော့တဲ့နောက် ဘုရားရတနာ တရားရတနာ အကြောင်းကို သိခွင့်ရတာဟာ သံဃာတွေရဲ့ကျေးဇူး ကြောင့်လို့ သံဃာတွေနဲ့ ဆက်စပ်မှု ရှိတယ်ဆိုတာ ကို အတိအလင်း ဖော်ပြထားတယ်။

အိန္ဒိယနိုင်ငံမှာ တစ်ချိန်တုန်းက ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာ တောင်ပိုင်း မြောက်ပိုင်း သံဃာ တွေရှိနေတဲ့အချိန် ဗုဒ္ဓသာသနာ ထွန်းကားနေတယ်၊

နောက်ပိုင်းကျတော့ တစ်ဖက်က ကျူးကျော်တိုက်ခိုက်လာတဲ့ပုဂ္ဂိုလ်တွေကြောင့် ရဟန်းသံဃာတွေ သတ်ဖြတ်ခံရတယ်၊ ထွက်ပြေးတိမ်းရှောင်ကြရတယ်ဆိုတဲ့အခါ အိန္ဒိယနိုင်ငံမှာ သာသနာ ကွယ်ပတဲ့ အနေအထားမျိုး ရောက်သွားတယ်။

ဒီကနေ့မှသာ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဘာသာဝင်လူဦးရေ သန်းပေါင်း ၆၀ ကျော် ရှိသေးတယ်လို့ဆိုတာ သိရှိရတယ်၊ ၆၆-သန်းကျော်မျှရှိတဲ့ အိန္ဒိယဗုဒ္ဓဘာသာလူဦးရေမှာ ရဟန်းသံဃာ အလွန်အားနည်းသွားသည့်အတွက် ရဟန်းသံဃာတွေရဲ့ ဦးဆောင်မှုဟာ မပီမပြင်ဖြစ်သွားတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင် ဥပါသကာ ဥပါသိကာမတွေ ခေါင်းဆောင်လမ်းပြမယ့်ပုဂ္ဂိုလ် မရှိသည့်အတွက်ကြောင့် ဟိုဘာသာလိုလို ဒီဘာသာလိုလို ယောင်ဝါးဝါးအနေအထားမျိုး ဖြစ်ကုန်ကြရတယ်။

မြန်မာနိုင်ငံမှာတော့ အလွန်ကံကောင်းသည့်အတွက် ပုဂံခေတ်က စပြီးတော့ သာသနာတော်

ထွန်းကားခဲ့တယ်၊ သာသနာတော်ရဲ့ ဦးစီးခေါင်းဆောင်ဖြစ်တဲ့ ဆရာ့ဆရာတွေ၊ အရှည်မြင်ကြတဲ့ မြန်မာနိုင်ငံခေါင်းဆောင်တွေ စုပေါင်းဆောင်ရွက်လာခဲ့ကြသည့်အတွက် ဒီကနေ့မြန်မာနိုင်ငံရဲ့ ဘုရားတရား သံဃာဆိုတာ ကျေနပ်စရာအနေအထားမျိုး ရှိနေတယ်။

တချို့ပုဂ္ဂိုလ်တွေက သံဃာတွေထဲမှာ အမြင်မတော်တဲ့ပုဂ္ဂိုလ်တွေ ကြည့်ပြီး အပြစ်ဆိုကြတယ်၊ လောကမှာ အဆိုးနဲ့ အကောင်းဆိုတာ ဒွန်တွဲနေတာ ဖြစ်တယ်၊ အဆိုးရှိရင် အကောင်းရှိမယ်၊ အနှစ်နဲ့အကာဆိုတာလည်း ဒွန်တွဲနေတတ်တယ်၊ အဆိုးနဲ့ အကောင်း ခွဲခြားမြင်တတ်ဖို့ လိုအပ်တယ်၊ လောကသားတွေထဲမှာ အဆိုးဆိုတာ မည်သည့်နေရာမှာမဆို ရှိတယ်၊ အဆိုးရှိရင် အကောင်းလည်း ရှိတယ်၊ အကောင်းနဲ့အဆိုးထဲမှာ အဆိုးတွေ များမလာဖို့ဘဲ အရေးကြီးတယ်၊ အကောင်းတွေ ဆက်

လက်ကောင်းပြီးတော့ အကောင်းတွေ များလာဖို့ပဲ လိုအပ်တယ်။

လောကသဘာဝကိုက အဆိုးနဲ့ အကောင်းမှာ အကောင်းက အဆိုးကို ဆွဲဆောင်ဖို့ရာ ခက်တယ်၊ အဆိုးကသာ အကောင်းကို ဆွဲဆောင်သွားတတ်တယ်၊ လောကရဲ့သဘာဝ ပဲ ဖြစ်တယ်။

ဆိုပါစို့ - သရက်သီး ၁၀-လုံးရှိတဲ့အထဲမယ် တစ်လုံးက ပုပ်နေတယ်၊ ကျန်တဲ့ကိုးလုံးက ကောင်းတယ်၊ တူတူထားလိုက်လို့ရှိရင် အပုပ်တစ်လုံးကို အကောင်း ၉-လုံးက ကောင်းအောင် မလုပ်ပေးနိုင်ဘူး၊ အဲဒီအဆိုးတစ်လုံးရဲ့နောက်ကိုပဲ အကောင်း ၉-လုံးက လိုက်သွားပြီး အားလုံးဟာ အပုပ်ဖြစ်သွားတယ်။

အကောင်းတွေ များနေဖို့ ဆိုတာဟာ ဘယ်ခေတ် ဘယ်ကာလမှ ရှိနိုင်တာ မဟုတ်ဘူး၊ အကောင်းနဲ့ အဆိုးဆိုတာ ရောနေတာ ဖြစ်တယ်၊

အကောင်းတွေကို ကြည့်ပြီး ကောင်းအောင်ဆောင် ရွက်သွားဖို့သာ အလွန်အရေးကြီးတယ်။

ဒါကြောင့်မို့ ဒီကနေ့ သာသနာတော်မှာ နေ ထိုင်ကြတဲ့ ရဟန်းသံဃာတွေအနေနဲ့ ဓမ္မတာဝန် ထမ်းဆောင်ကြတဲ့အခါမှာ အရေးကြီးတဲ့ဓမ္မတာဝန် ဆိုတာ ဘာလဲ သိဖို့ လိုအပ်တယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကိုယ်တိုင်ဟောကြားခဲ့သည့် သုတ် ဝိနည်း အဘိဓမ္မာဆိုတဲ့ဒေသနာတော်တွေဟာ မိမိ တို့လက်ထဲမှာ ရှိနေတယ်၊ ဒီတရားတွေကို အာရုံ စိုက်ပြီး သင်ယူခြင်း ပို့ချခြင်း လေ့လာခြင်းဆိုတာ အရေးတကြီးလုပ်ရမယ့်ကိစ္စ ဖြစ်တယ်၊ အဲဒါကို ဓမ္မတာဝန်လို့ ပြောရတယ်။

ပြောရမယ်ဆိုလို့ရှိရင် သာသနာတော်ကို မှီခို ကြည်ညိုကြလို့ ရဟန်းဖြစ်လာလို့ရှိရင် အဓိကသင် ကြားရမယ့်အရာဟာ ပိဋကပညာသာလျှင် ဖြစ်တယ်၊ ပိဋကပညာ ကျွမ်းကျင်လာတဲ့အခါမှာ ထိုပိဋက ပညာ ဖြန့်ဖြူးနိုင်ဖို့အတွက် ဘာသန္တရဆိုတာ ဆည်း

ပူး အားထုတ်ရတယ်၊ ပိဋကပညာ ဖြန့်ဖြူးဖို့ အထောက်ဖြစ်တဲ့ ဘာသန္တရသင်ယူမှုက second- ary အနေနဲ့သာ လုပ်ကြရမှာ ဖြစ်တယ်၊ ပိဋက ကျွမ်းကျင်မှုသာ အဓိကကျတယ်ဆိုတာ သတိပြုကြ ရမှာ ဖြစ်တယ်၊ ဒီပိဋကပညာရပ်တွေ တိမ်ကော ပပျောက်သွားခြင်း မရှိအောင် မြန်မာနိုင်ငံမှာ စာ သင်တိုက်ကြီးတွေ တည်ထောင်ထားကြတယ်၊ နိုင်ငံ တော်ပရိယတ္တိသာသနာ့တက္ကသိုလ်လို တက္ကသိုလ် ကြီးတွေ တည်ထောင်ထားတယ်ဆိုတာ ဓမ္မတာဝန် ကို ကျေကျေပွန်ပွန် ထမ်းဆောင်ဖို့အတွက်သာ ဖြစ် တယ်။

မြတ်စွာဘုရားဟောကြားတဲ့ တရားဓမ္မတွေကို ကြားနာပြီး သင်ယူနိုင်ဖို့ ပရိယတ္တိစာသင်တိုက်ကြီး တွေ၊ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးတွေဟာ အလွန်အရေးပါတယ်ဆိုတာ ထင်ရှားတယ်၊ ထိ ရောက်မှု အရေးပါမှုကို အလေးထားပြီးတော့

စဉ်းစားဆင်ခြင်ဖို့ အရေးကြီးတယ်၊ အားလုံး အာရုံစိုက်ကြရမှာ ဖြစ်တယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ဟောခဲ့တဲ့ ဓမ္မတွေကို တာဝန်ကျေကျေပွန်ပွန် ထမ်းဆောင်ကြရမှာ ဖြစ်တယ်၊ ရှေးက ရဟန်းသံဃာတွေ ပိဋကကို အာရုံစိုက်ပြီး ပိဋကစာပေမှာ အဓိပ္ပာယ် နားမလည်တဲ့အရာမျိုး မရှိရလောက်အောင် လေ့လာသင်ယူကြတယ်၊ အခုခေတ်ပြောနေတဲ့ လက်တွေ့အသုံးချနိုင်ဖို့ မြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒတွေ လေ့လာဆည်းပူး အားထုတ်နေကြရန် လိုအပ်တယ်၊ မြန်မာနိုင်ငံအနေနဲ့ ကျေနပ်လောက်စရာ ရှိတဲ့သင်ကြားပို့ချမှုတွေ ရှိတယ်၊ သို့သော်လည်း လုပ်စရာတွေ အများကြီးရှိနေသေးတယ်ဆိုတာ အလွန်ထင်ရှားတယ်။

မြတ်စွာဘုရားရဲ့တရားတော်တွေဟာ စကားလုံးအနေနဲ့လည်း အလွန်လေးနက်တယ်၊ လက်တွေ့ကျင့်သုံးဖို့ဆိုတာလည်း အလွန်ခက်ခဲတယ်၊ အခု

ခေတ်ပြောနေတဲ့ **Applied Method** လို့ ခေါ်တဲ့ လက်တွေ့ကျင့်သုံးမှုအတိုင်းအတာထိအောင် မည်သို့မည်ပုံ လိုက်နာကျင့်သုံးသင့်တယ်ဆိုတာမျိုး နားလည်သည်ထိအောင် ပိဋကစာပေကို လေ့လာသင်ယူကြရမှာ ဖြစ်တယ်၊ လက်တွေ့ကျင့်သုံးလို့ မရတဲ့ တရားဆိုတာ မရှိဘူး၊ မြတ်စွာဘုရားရဲ့ အဆုံးအမတွေထဲမှာ အားလုံးဟာ လက်တွေ့ကျင့်သုံးလို့ ရတာချည်းပဲ။

ဘုရားဟောထားတဲ့တရားမှန်သမျှ **သန္ဒိဋ္ဌိက**ကော ကိုယ်တိုင်စမ်းသပ်ကြည့်လို့ သိနိုင်တဲ့အရာတွေသာ ဖြစ်တယ်၊ အပြောနဲ့ ကွာဟတာ တစ်ခုမှ မရှိဘူး၊ အားလုံး ကိုယ်တိုင်သိနိုင်တဲ့အရာတွေ ဖြစ်တယ်၊ သို့သော် သိနိုင်လောက်တဲ့ အသိဉာဏ်မျိုးက လိုအပ်တယ်၊ **"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"** ဆိုတဲ့ စကားဟာ အလွန်ကို အဓိပ္ပာယ်ရှိတဲ့စကား ဖြစ်တယ်၊ **ဝိညူ** လို့ ဆိုတဲ့ ထူးထူးခြားခြားသိတတ်တဲ့ ပုဂ္ဂိုလ်မျိုးသာလျှင် ဓမ္မရဲ့အတိမ်အနက်ကို သေသေ

ချာချာ ခံစားသိရှိနိုင်တယ်၊ အလွန်မှန်ကန်တဲ့စကား တစ်ခုပဲ ဖြစ်တယ်၊ လူတိုင်းတော့ သိနိုင်တာ မဟုတ်ဘူး၊ သိနိုင်လောက်တဲ့ပညာ ရှိဖို့တော့ လိုအပ်တယ်။

မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေ ထွန်းကားနေသမျှ ကာလပတ်လုံး လူတွေရဲ့စိတ်နှလုံး အေးချမ်းမှုဟာ မျှော်လင့်ရတဲ့အရာ ဖြစ်တယ်၊ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေ မိမိတို့သန္တာန်မှာ ရောက်ရှိအောင် နှလုံးသွင်းခြင်းဖြင့် သိရှိခံစားရရှိလာကြမှာ ဖြစ်တယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က နောက်ပိုင်းမှာ မိမိရဲ့တပည့်သာဝကတွေရဲ့ အရည်အချင်းဖော်ပြတဲ့အခါမှာ "သီလဝါ ဗဟုဿုတော" ဆိုတဲ့ ဒီအရည်အချင်းနှစ်ခုကို နံပါတ်တစ်နဲ့ နံပါတ်နှစ်နေရာမှာ ထားပြီး ဖော်ပြခဲ့တယ်၊ တရားထူးတရားမြတ်တွေကို နောက်မှာ ထားပြီး အရေးကြီးတဲ့အချက်နှစ်ခုကို ရှေးဦးစွာထားတယ်။

ဒါကြောင့်မို့ ဒီကနေ့ခေတ် သာသနာပြုနေကြတဲ့ သာသနာတွင်းက ညီတော်နောင်တော် ရဟန်းသံဃာတွေဟာ နံပါတ်တစ် ကိုယ်ကျင့်သီလနဲ့ ပြည့်စုံရမယ်၊ မြတ်စွာဘုရားရဲ့အဆုံးအမတွေ လိုက်နာပြီးတော့ ကိုယ်ကျင့်သီလသိက္ခာလို့ဆိုတဲ့ dignity အပြည့်အစုံ ရှိရမယ်၊ ကိုယ်ကျင့်သီလ မပျက်ယွင်းဖို့ဟာ အရေးကြီးဆုံးပဲ။

ကိုယ်ကျင့်သီလရှိတဲ့အပေါ်မှာ မူတည်ပြီး ဒုတိယလုပ်ရမှာက ဗဟုသုတ၊ ဗဟုသုတဆိုတာ မြတ်စွာဘုရားရဲ့တရားဓမ္မတွေနဲ့ ပတ်သက်လာလို့ရှိရင် လေ့လာဆည်းပူးအားထုတ်ဖို့ သင်ကြားလိုက်နာဖို့ အာရုံစိုက်ဖို့ ဖြစ်တယ်၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က **သဒ္ဓမ္မသမ္မောသသုတ်** ဆိုတဲ့သုတ်ကို အလေးပေးပြီးတော့ ဟောကြားဆုံးမခဲ့တာရှိတယ်။

အဲဒီသဒ္ဓမ္မသမ္မောသသုတ်မှာ သာသနာတော်စဉ်ဆက်မပြတ် တည်ရှိဖို့ရာအတွက် ရဟန်းတွေ

ဘာလုပ်ရမယ်ဆိုတာကို လမ်းညွှန်မှုပြုခဲ့တယ်၊ ဓမ္မတာဝန်တွေကို ပေးခဲ့တာ ဖြစ်တယ်၊ **"သဒ္ဓမ္မံ မမ္ဗံ သုဏန္တိ"** ဓမ္မကို တလေးတစား နာယူမှတ်သားကြရမယ်၊ ရဟန်းသံဃာတွေရဲ့ အရေးပါတဲ့ တာဝန်တစ်ခုပဲ၊ တလေးတစား အာရုံစိုက်ပြီးတော့ ဓမ္မကို နာယူ မှတ်သားကြရမှာ ဖြစ်တယ်။

မိမိတို့ရဲ့ရင်ထဲ နှလုံးထဲရောက်အောင် ဓမ္မကို မှတ်ယူခြင်းသင်ယူခြင်းဆိုတာကို အရေးတကြီး လုပ်ရမယ့်ကိစ္စ ဖြစ်တယ်၊ **"သဒ္ဓမ္မံ ဓမ္မံ ပရိယာပုဏန္တိ"** တဲ့၊ အဲဒီအလုပ်လုပ်မှ ဓမ္မဟာ လောကကြီးအလယ်မှာ တည်တွန့်နေမှာ ဖြစ်တယ်။

တလေးတစား နာဆောင်ခြင်း၊ တလေးတစား သင်ယူခြင်းနဲ့ တလေးတစား ရင်ထဲနှလုံးထဲမှာ မှတ်သားထားခြင်းဆိုတာ အလေးပေးဆောင်ရွက်ရမယ့် ကိစ္စ ဖြစ်တယ်၊ ဒါတင်ပဲ ပြီးဆုံးပြီလားဆိုတော့ မပြီးဆုံးသေးဘူး၊ အဲဒီလို အရေးတယူ လေးလေးစားစားဆောင်ထားတဲ့ တရားဓမ္မတွေရဲ့ အနက်

အမိပ္ပာယ်ကိုလည်း ဆင်ခြင်သုံးသပ်ဖို့ လိုအပ်တယ်၊ မသုံးသပ် မဆင်ခြင်ဘူးဆိုရင် အဓိပ္ပာယ်သိနိုင်မှာ မဟုတ်ဘူး။

ဆိုပါစို့ - မြတ်စွာဘုရားက ဗောဇ္ဈင်သုတ်နဲ့ ပတ်သက်ပြီး ဟောထားတယ်၊ **"သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ "** လို့ ဟောတယ်၊ သတိသမ္ဗောဇ္ဈင်လို့ခေါ်တဲ့ သတိတရားဟာ အသိဉာဏ်ကို ဖြစ်ပွားစေတတ်တဲ့ အရာဖြစ်တယ်၊ အသိဉာဏ်ရဖို့အတွက် သတိတရားကို ဖြစ်ပွားစေရမယ်ဆိုတဲ့နေရာမှာ ဘယ်ဟာနဲ့ ဖြစ်ပွားစေရမယ်, ဘယ်အတိုင်းအတာနဲ့ ဖြစ်ပွားစေရမယ်ဆိုတာ နားလည်ရမှာ ဖြစ်တယ်။

**ဝိဝေကနိဿိတ ဝိရာဂနိဿိတ နိရောဓနိဿိတ** ဆိုတာ ကာမဂုဏ်အာရုံတွေနဲ့ ကင်းကွာလွတ်လပ်တဲ့သတိ၊ ဝိပဿနာဉာဏ်နဲ့ ဆက်စပ်ပြီးတော့ သတိတရားကို ဖြစ်ပွားအောင် လုပ်ရမယ်၊

အဲဒီကနေဆက်ပြီး မင်္ဂထိအောင် ဖိုလ်ထိအောင် ဒီ သတိတရားကို ပွားများအားထုတ်ရမယ်လို့ ဒီလို ဆိုလိုတာ။

ဒီတော့ ကိုယ် ပွားများ အားထုတ်ရမယ့် ဒီသတိ ဟာ သာမန်အနေအထားမျိုး မဟုတ်ဘဲနဲ့ ရုပ်တရား နာမ်တရားတွေရဲ့ သဘာဝလက္ခဏာကို သိသည် အထိ, မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော ကိုယ် မပိုင်တဲ့သဘောလို့ဆိုတဲ့ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ သာမညလက္ခဏာတွေကို သိသည်အထိ ဝိပဿနာဉာဏ်နဲ့ ဆက်စပ်တဲ့ သတိကို ဖြစ်ပွားစေ ရမယ်လို့ ဒီလိုဆိုတာ။

နောက်ဆုံးမှာ ကိလေသာတွေကို ကင်းကွာ သွားအောင် လုပ်နိုင်တယ်၊ မဂ်ဆိုတဲ့ **ဝိရာဂ**ကို ဆိုက် ထိအောင် သတိကို ပွားရတယ်၊ "**ဝေါဿဂ္ဂ-ပရိဏာမိ**" ဆိုတာ စွန့်လွှတ်ခြင်း ပြေးဝင်ခြင်း၊ ကိုယ်ရလာတဲ့ သတိတရားလေးဟာ ဘယ်အတိုင်း အတာထိ ပွားရမယ်ဆိုတာ ဒီစကားလုံးလေးက ဖော်

ပြနေတာ ဖြစ်တယ်၊ ဝေါဿဂ္ဂ လို့ ဆိုတဲ့နေရာမှာ စွန့်လွှတ်ခြင်းနဲ့ ပြေးဝင်ခြင်းနှစ်မျိုး ဒီစကားလုံးက ဖော်ပြတာ ဖြစ်တယ်၊ တစ်ခုကို စွန့်လွှတ်ပြီး တစ်ခုကို ရယူခြင်း ဖြစ်တယ်၊ ဘယ်အရာပဲဖြစ်ဖြစ် တစ်ခုကို လက်လွှတ်ပြီး နောက်တစ်ခုကို ရယူခြင်းသာ ဖြစ်တယ်။

ဒါကြောင့်မို့ ကိုယ်ပွားတဲ့သတိဟာ ကိလေသာတွေကို စွန့်လွှတ်ပြီး နိဗ္ဗာန် ဝင်ရောက်သွားနိုင်ဖို့ ရင့်ကျက်တဲ့အတိုင်းအတာထိ ရောက်အောင် ပွားများအားထုတ်ရမယ်၊ "ကိလေသာတွေကို စွန့်နိုင်လောက်အောင် ရင့်ကျက်လာတဲ့ သတိ၊ နိဗ္ဗာန်ကို အာရုံပြုနိုင်လောက်အောင် ရင့်ကျက်တဲ့သတိမျိုးကို ပွားများ အားထုတ်ရမယ်"လို့ လက်တွေ့မှာ ဒီလိုသဘောပေါက် နားလည်ဖို့ လိုအပ်တယ်၊ လက်တွေ့ကျတဲ့သဘောတရားတွေကို နားလည်အောင် လေ့လာသင်ယူကြရမှာ ဖြစ်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက "နားစိုက်ပြီး ထောင်ရမယ်၊ လေ့လာသင်ယူရမယ်၊ လေ့လာသင်ယူပြီးတော့ မှတ်သားကြရမယ်၊ မှတ်သားထားပြီးတဲ့အခါ အနက်အဓိပ္ပါယ်ကို ဆင်ခြင်စဉ်းစားရမယ်၊ စဉ်းစားပြီးတဲ့အခါမှာ လက်တွေ့လုပ်ဆောင်ရမယ်" ဆိုတဲ့ ဒီအပိုင်း ၅-ပိုင်းနဲ့ ဓမ္မတာဝန်တွေကို ရှင်းလင်းဟောပြခဲ့တာ ဖြစ်တယ်။

ဒီကနေ့ခေတ်မှာ သင်စရာတွေ သိစရာတွေ အလွန်များလာတယ်၊ ဓမ္မတာဝန်အပြင် အခြားတာဝန်တွေ ရှိလာတယ်၊ ရဟန်းသံဃာတွေအနေနဲ့ ပိဋကပညာ မတတ်ရင် ကဲ့ရဲ့စရာဖြစ်လိမ့်မယ်၊ တခြားဘာသာ မတတ်တာ ကိုယ့်မှာ ကဲ့ရဲ့စရာ မဖြစ်ဘူး၊ ပိဋကစာပေတတ်အောင် အာရုံစိုက်ကြရမှာ ဖြစ်တယ်၊ ဘာဖြစ်လို့တုန်းဆိုရင် ဓမ္မတာဝန်ဟာ မိမိရဲ့ မူလတာဝန်ပဲ၊ ကိုယ့်ရဲ့နယ်ပယ်တစ်ခု field မှာ ကိုယ်ကျွမ်းကျင်ရမှာ ဖြစ်တယ်။

လောကမှာ သူ့တာဝန် ကိုယ့်တာဝန်ဆိုတာတွေ တာဝန်အသီးသီး ရှိကြတဲ့အထဲ ကိုယ့်တာဝန် မလစ်ဟင်းဖို့က အင်မတန်မှ အရေးကြီးတယ်၊ ကိုယ့်တာဝန်ကို ဘေးဖယ်ထားပြီး သူများတာဝန်ထဲ ပါဝင်ပတ်သက်ပြီးတော့ နေမယ်ဆိုရင် အပြစ်တင်စရာတွေ အများကြီးဖြစ်လာနိုင်တယ်၊ ဒါကြောင့်မို့ သာသနာတော်ကို ကြာရှည်တည်တံ့ဖို့ ကြိုးပမ်းအားထုတ်လိုတဲ့ သာသနာတော်ကို မြတ်နိုးတဲ့ ရဟန်းတော်တွေဟာ ပိဋကပညာကို အဓိကထားပြီးတော့ တလေးတစား သင်ယူခြင်းဖြင့်သာလျှင် ဓမ္မတာဝန်ကို ဆောင်ရွက်ကြရမှာ ဖြစ်တယ်။

ဓမ္မတာဝန်ကို ဆောင်ရွက်ရင်းကနေ ဒီဓမ္မတွေကို ကမ္ဘာအနှံ့ ဖြန့်ထုတ်ပြီဆိုလို့ရှိရင်တော့ Language လို့ခေါ်တဲ့ ဘာသာစကားဟာလည်း အရေးပါတယ်လို့ ပြောရမယ်၊ သို့သော် မြန်မာနိုင်ငံမှာ ကံကောင်းတာက ဘာလဲလို့ဆိုရင် ဒီပိဋကသုံးပုံလုံးကို မြန်မာစကားလုံးနဲ့ ဘာသာပြန်လို့ ရခြင်း ဖြစ်

တယ်၊ အားလုံး မြန်မာလိုပြန်ထားပြီးသား ဖြစ်တယ်၊ မြန်မာလူမျိုးတွေအဖို့ ပိဋကစာပေလေ့လာဖို့ အလွန်လွယ်ကူတယ်လို့ ပြောရမယ်၊ အဲဒီလို အလွန်လွယ်ကူမှုတွေရှိနေတဲ့ အတိုင်းအတာတစ်ခုက မိမိတို့ကိုယ်တိုင် ရဟန်းသံဃာတွေအနေနဲ့ ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်၊ ကြိုးစားအားထုတ်မှု မရှိဘဲနဲ့ မိမိရဲ့ဓမ္မတာဝန်ကို ထမ်းဆောင်မှုက လစ်ဟင်းနေကြမယ်ဆိုရင်တော့ အပြစ်တင်ဖွယ်ရာတွေ ဖြစ်ပေါ်လာမှာ သေချာတယ်။

လောကမှာ ကိုယ့်အလုပ် ကိုယ်ကျွမ်းကျင်မှု မရှိရင် ပြစ်တင်ကြတယ်၊ တခြားအလုပ်ကို ကိုယ်မလုပ်တတ်တာ အပြစ်တင်စရာ မရှိဘူး၊ ကိုယ့်အလုပ် ကိုယ်မလုပ်တတ်ရင်တော့ အပြစ်တင်စရာ ဖြစ်တယ်၊ သို့သော်လည်းပဲ တချို့အတွေးအခေါ် မပြည့်ဝတဲ့ပုဂ္ဂိုလ်တွေ မြန်မာနိုင်ငံမှာနေပြီးတော့ မြန်မာလူမျိုးဖြစ်ပါလျက်သားနဲ့ မြန်မာစကား မတတ်ဘူး၊ တခြားဘာသာတတ်တာကို ဂုဏ်ယူနေ

တာက အလွန်ရှက်စရာကောင်းတဲ့အရာတစ်ခုပဲ ဖြစ်တယ်၊မြန်မာဆိုရင် မြန်မာစကားတတ်ရမယ်၊ မြန်မာရဲ့ tradition တွေ သိရမယ်၊ မြန်မာရဲ့ culture သိရမယ်၊ မြန်မာပီသရမယ်၊ ဒါ မြန်မာတွေအတွက် ဂုဏ်ယူစရာဖြစ်တယ်။

မိမိကိုယ်တိုင်က အနောက်တိုင်းဆန်ချင်လို့ အနောက်တိုင်းသား ဖြစ်မှာ မဟုတ်ဘူး၊ ဥရောပဆန်ချင်လို့ ဥရောပလည်း ဖြစ်မှာ မဟုတ်ဘူး၊ မွေးလာတာ မြန်မာဆိုတော့ မြန်မာပီသဖို့က အရေးကြီးတယ်၊ မြန်မာပီသပြီး မြန်မာစကားကျွမ်းကျင်မှုက ပိုအရေးကြီးတယ်၊ တချို့က အင်္ဂလိပ်လို တတ်ပြီး မြန်မာလို မသိဘူးဆိုတာကိုပဲ ဂုဏ်ယူပြီးတော့ ပြောနေတာ ရှက်စရာကောင်းတယ်၊ မြန်မာဖြစ်လျက်သားနဲ့ မြန်မာစကား မတတ်တာမှ ရှက်စရာကောင်းတာ။

ထို့အတူပဲ ရဟန်းသံဃာတွေအနေနဲ့ တခြားဘာသာရပ်တွေ မတတ်ချင်နေ၊ ပိဋကမတတ်ဘူး

ဆိုတာကတော့ ရှက်စရာဖြစ်တယ်၊ ဒါကြောင့်မို့ ပိဋကကို အာရုံစိုက်ပြီး ဓမ္မတာဝန်ကို ထမ်းဆောင်ကြရမှာ ဖြစ်တယ်။

အဲဒီလို ဓမ္မတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက် အမြော်အမြင်ရှိတော်မူကြတဲ့ ဆရာတော်ကြီးတွေက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို မန္တလေးမှာ တစ်ခု ရန်ကုန်မှာ တစ်ခု အခုလို တည်ထောင်ဖွင့်လှစ်ပေးခဲ့တာ ဖြစ်တယ်၊ ကြီးမားလှတဲ့အမြော်အမြင်တွေနဲ့ လုပ်ဆောင်ခဲ့ကြတဲ့အတိုင်း မိမိတို့ကိုယ်တိုင်လည်း အမြော်အမြင်ကြီးစွာ ဓမ္မတာဝန်ကို ဆောင်ရွက်ကြရမှာ ဖြစ်တယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က နောင်အနာဂတ်မှာဖြစ်ပေါ်လာမယ့် အခြေအနေတစ်ခုကို သုတ္တန်တစ်ခုမှာ ဟောထားတယ်၊ “နောင်အနာဂတ်ရောက်လာတဲ့အခါ မြတ်စွာဘုရားဟောပြောထားတဲ့ အလွန်လေးနက်တဲ့ တရားဓမ္မတွေနဲ့

ပတ်သက်လာလို့ရှိရင် ရဟန်းသံဃာတွေ သင်လို စိတ်တွေ နည်းလာလိမ့်မယ်၊ "ဂမ္ဘီရာ ဂမ္ဘီရတ္ထာ သုညတာ ပဋိသံယုတ္တာ" ဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတရားတွေနဲ့ ပတ်သက်လာရင် လျစ်လျူ ရှုလာတဲ့ အနေအထားမျိုးတွေ ဖြစ်လာနိုင်တယ်။

တချို့ပုဂ္ဂိုလ်တွေ အတွေးအခေါ် လွဲမှားပြီး တော့ မြတ်စွာဘုရားဟောပြတဲ့ တရားဓမ္မတွေနဲ့ ပတ်သက်ပြီး ကျကျနန နားထောင်လိုစိတ် မရှိဘူး၊ သင်ယူလိုစိတ် မရှိဘူး၊ သိလိုစိတ်တွေ မရှိဘူး ဖြစ် လာမယ်၊ ခေတ်ပညာနောက်လိုက်ပြီး ခေတ်ပညာ ကသာ မှန်ကန်တယ်လို့ မှတ်ထင်ပြီးတော့ ဓမ္မကို ကျောခိုင်းလာတယ် ဆိုတာမျိုးတွေ ဖြစ်လာနိုင် တယ်၊ အဲဒီအခါမှာ သာသနာကွယ်ပသွားနိုင်တယ်။

မြတ်စွာဘုရားရဲ့အဆုံးအမ အင်မတန်လေး နက်တဲ့တရားဓမ္မတွေ တို့တတွေသိခွင့်ရတာ အလွန် ပဲ ကံကောင်းတယ်၊ တခြားနိုင်ငံမှာရှိကြတဲ့ ပုဂ္ဂိုလ် တွေဟာ မြန်မာနိုင်ငံမှာလို ဓမ္မနဲ့ ပတ်သက်ပြီး

လွယ်လွယ်ကူကူ သင်ယူဖို့ အခွင့်အလမ်းတွေ မရကြဘူးလို့ ပြောရမှာ ဖြစ်တယ်၊ ဒါကြောင့်မို့ အခွင့်ကောင်းရနေတဲ့အချိန် မြတ်ဗုဒ္ဓရဲ့အဆုံးအမဖြစ်တဲ့ တရားဓမ္မတွေ သေသေချာချာလေ့လာပြီး မြတ်ဗုဒ္ဓရဲ့အဆုံးအမတရားတွေ ကမ္ဘာအနှံ့ ဖြန့်ဖြူးနိုင်လောက်အောင် ဒီကျမ်းစာတွေကို အလေးပေးသင်ယူမှုဟာ အရေးကြီးတယ်၊ ဓမ္မတာဝန် ကျေပွန်စွာဆောင်ရွက်နိုင်သည့် အတွက်ကြောင့် လောကအလယ်မှာ တင့်တောင့်တင့်တယ် ဖြစ်ပြီး မြန်မာလူမျိုးတွေအဖို့ အားသာချက်တွေ ထာဝရရရှိမှာဖြစ်တယ်။

နိုင်ငံခြားတွေ ထွက်ပြီးတော့ ကြည့်လိုက်တဲ့အခါ မြန်မာနိုင်ငံရဲ့အားသာချက်နှစ်ခုကို သိရှိရတယ်၊ အသိအမှတ်ပြုအောင် ကိုယ်က ဘာမှ ကြိုးစားရတာ မဟုတ်ဘူး၊ ကိုယ်လုပ်နေကျအလုပ်ကို လုပ်နေကြတာပဲ၊ အိန္ဒိယရောက်တုန်းက အမှတ်တမဲ့ပြောတာတွေ ကြားလိုက်ရတယ်၊ ဟိန္ဒူလူမျိုးပါမောက္ခ

ကြီးတွေက မြန်မာရဟန်းတော်ဆိုတာနဲ့ အဘိဓမ္မာ တတ်တယ်, ကမ္မဋ္ဌာန်းပြတတ်တယ်ဆိုတဲ့ ဂုဏ် အရည်အချင်းနှစ်ခုကို ပြောကြတယ်၊ မြန်မာတွေ အပေါ်မှာ အထင်ကြီးတယ်၊ မြန်မာရဟန်းတော်လို့ ဆိုလိုက်တာနဲ့ အဘိဓမ္မာတတ်တယ်လို့ သူတို့က လက်ခံထားတယ်၊ များသောအားဖြင့်လည်း မြန်မာ နိုင်ငံက အဘိဓမ္မာတတ်တာ များတယ်၊ ကမ္မဋ္ဌာန်း လည်း ပြတတ်တယ်ဆိုတာ မြန်မာနိုင်ငံနဲ့ အနီး အပါးမှာရှိတဲ့ အိန္ဒိယတို့ သီဟိုဠ်တို့မှာရှိတဲ့ ပညာ တတ် ပါမောက္ခကြီးတွေဟာ လုံးဝလက်ခံထားပြီး ဖြစ်တယ်၊ အဲဒါ ကိုယ့်ရဲ့အားသာချက်လို့ ခေါ် တယ်၊ အဲဒီအားသာချက်ကို ထိန်းထားဖို့ လိုအပ် တယ်။

အဲဒီအားသာချက်ကို ထိန်းထားပြီးတော့ အား နည်းချက်က ဘာတုန်းဆိုရင် မြန်မာရဟန်းတော် တွေမှာ နိုင်ငံခြားသားနဲ့ တွေ့လို့ရှိရင် ဘာသာ စကား ကျွမ်းကျွမ်းကျင်ကျင် မပြောနိုင်သေးတာ

အားနည်းချက်ဖြစ်တယ်၊ သို့သော် အားသာချက်ကို အလေးပေးဆောင်ရွက်ပြီးတော့ အားနည်းချက်ကို ဖြည့်စွက်ရမှာ ဖြစ်တယ်။

ပိဋကပညာတတ်ဖို့ အချိန်ယူရတာနဲ့ ဘာသာစကားတစ်ခုတတ်ဖို့ အချိန်ယူရတာနဲ့ အလွန်ကွာခြားတယ်၊ ပိဋကပညာတတ်ဖို့ဟာ ၁၀-နှစ် အနှစ်-၂၀ အချိန်ယူပြီး သင်မှသာလျှင် တတ်နိုင်တယ်၊ ဘာသာစကားတစ်ခုက ၁-နှစ် ၂-နှစ်အတွင်းမှာ ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်လောက်အောင် အတိုင်းအတာထိ တတ်နိုင်တယ်၊ ဒါကြောင့်မို့ အလေးပေးရမှာကတော့ ပိဋကပညာလို့ဆိုတဲ့ ဓမ္မတာဝန်သာလျှင် ဖြစ်တယ်။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ဗုဒ္ဓမြတ်စွာဟာ ဓမ္မကို အလေးပေးပြီးတော့ မိန့်ကြားခဲ့တာ ဖြစ်တယ်၊ ဓမ္မကို အလေးပြုပြီးတော့ နေတာ ဖြစ်တယ်၊ ပရိနိဗ္ဗာန်စံတော်မူခါနီးကာလမှာလည်းပဲ "ဓမ္မက သင်တို့ရဲ့ဆရာ ဖြစ်လိမ့်

မယ်"လို့ မိန့်ကြားခဲ့တယ်၊ သက်ရှိထင်ရှားအချိန်တုန်းကလည်း "ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ" "ဓမ္မကို တွေ့မှ ငါ့ကို တွေ့မယ်"လို့ မိန့်ကြားခဲ့တယ်၊ မြတ်စွာဘုရားက အလေးထားပြီးတော့ မိန့်ကြားခဲ့တဲ့ စကားတွေကို အာရုံပြုပြီး တို့တတွေ ဓမ္မတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြမယ်လို့ ကိုယ်စီ ကိုယ်စီ သန္နိဋ္ဌာန်ချပြီး ဗုဒ္ဓမြတ်စွာသာသနာ ရှည်စွာတည်ကြောင်းဖြစ်တဲ့ ဓမ္မတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးသော စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ မြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘမိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံမြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၇၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၇၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ ရှာဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝခေည်းဆော ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အစီပွါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားမှု
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အများမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဝေဿန္တရ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဇာတ်ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူ့တိုင်းမှာ
၇၉။ ဒဏ္ဍိတာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ပိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ မှသံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်